Message Three

# အသီးသီးခြင်းအတွက် မှန်သောစပျစ်နွယ်ပင် ခရစ်တော်၌ တည်နေခြင်း

ဖတ်ရန်ကျမ်း။    ။ ယော၊၁၄း၂၃။ ၁၅း၁-၂၊ ၄-၅၊ ၇-၈၊ ၁၂၊ ၁၆-၁၇။ ၁ယော၊၃း၂၄။ ၄း၁၃၊ ၁၅

**I. မှန်သောစပျစ်နွယ်ပင်နှင့်အတူ ၎င်း၏အကိုင်းအခက်များဖြစ်သည့်- သားတော် ခရစ်တော်နှင့်အတူ သားတော်၌ယုံကြည်သူများ-သည် ကိုယ်တော်၏ကြွယ်ဝခြင်းများကို ကြီးထွားစေရန်နှင့် ကိုယ်တော်၏အသက်ကို ထင်ရှားရန် ဘုရားဆိုင်ရာစီမံကိန်း၌ သုံးပါးတစ်ပါးဘုရား၏ ရှင်သန်သောထုံးဖွဲ့မှု ဖြစ်သည် - ၁တိ၊၁း၄။ ဧ၊၃း၉။ ယော၊၁၅း၁၊ ၅က။**

A. သားတော်၏အမှတ်လက္ခဏာအဖြစ် မှန်သောစပျစ်နွယ်ပင်၏လုပ်ဆောင်ချက်မှာ သုံးပါးတစ်ပါးဘုရားသည် ကိုယ်တော်၏ဘုရားအသက်၌ ကိုယ်တော်၏တိုးပွားများပြားခြင်း၊ ပျံ့နှံ့ခြင်းနှင့်ဘုန်းထင်ရှားခြင်းအတွက် သားတော်၌ ရှင်သန်သောထုံးဖွဲ့မှုတစ်ခုကို ရရှိစေရန် ဖြစ်သည် - အငယ်၊၈၊ ၁၆။

B. ဥယျာဉ်စောင့်အဖြစ် ခမည်းတော်သည် အရင်းအမြစ်နှင့် တည်ထောင်သူ ဖြစ်ပြီး၊ သားတော်ဘုရားသည် အလယ်ဗဟို၊ ကိုယ်ထင်ရှားခြင်းနှင့် ထင်ရှားပေါ်လွင်ခြင်းဖြစ်သည်။ ဝိညာဉ်တော်ဘုရားသည် စစ်မှန်ခြင်းနှင့် သိနားလည်ရခြင်းဖြစ်ကာ၊ အကိုင်းအခက်များသည် ကိုယ်ခန္ဓာတော်၊ စုပေါင်းထားသောထင်ရှားခြင်း ဖြစ်သည် - အငယ်၊၁၊ ၄-၅၊ ၂၆။

C. ယောဟန် ၁၅ ၌ ရှိသည့် သုံးပါးတစ်ပါးဘုရား၏ရှင်သန်သောထုံးဖွဲ့မှုသည် သုံးပါးတစ်ပါးဘုရားနှင့် ကိုယ်တော်၏ရွေးချယ်ခံ၊ ရွေးနုတ်ခံနှင့် အသစ်မွေးဖွားခံရသောလူများ ပေါင်းစည်း၊ ရောနှောကာ၊ ပေါင်းစပ်ဖွဲ့စည်းထားခြင်းဖြစ်သည် - ၁၄း၂၀။

D. ဘုရားသခင်၏စီမံကိန်း ပန်းတိုင်သည် ဤပြီးမြောက်ပြည့်စုံသောဘုရားသခင်နှင့် အသစ်မွေးဖွားခံရသောယုံကြည်သူများ၏ကြီးမားကျယ်ပြန့်သော၊ စကြဝဠာဆိုင်ရာဖြစ်သော ဘုရား-လူသားဆိုင်ရာ ပေါင်းစပ်ဖွဲ့စည်းခြင်းဖြစ်သည်။

**II. မှန်သောစပျစ်နွယ်ပင်အဖြစ် ခရစ်တော်သည် စကြဝဠာ၌ ဘုရားသခင်ပြုပြင်လုပ်ဆောင်ခြင်း၏အလယ်ဗဟို ဖြစ်သည် - အငယ်၊ ၁။ ကော၊၁း၁၅-၁၈။ ၂း၉။ ၃း၄၊၁၁။**

A. စကြဝဠာတစ်ခုလုံးသည် စပျစ်ခြံ ဖြစ်ပြီး၊ ဤစပျစ်ခြံ၏ အလယ်ဗဟိုမှာ မှန်သောစပျစ်နွယ်ပင်ဖြစ်၍၊ ယင်းသည် သားတော် ခရစ်တော် ဖြစ်သည်။ ခမည်းတော်ဘုရားဖြစ်သော အရာမှန်သမျှနှင့် ပိုင်ဆိုင်သမျှသည် ဤအလယ်ဗဟိုအတွက် ဖြစ်ပြီး၊ ဤအလယ်ဗဟို၌ ကိုယ်ထင်ရှားကာ၊ ဤအလယ်ဗဟိုအားဖြင့် ထင်ရှားပြသသည် - ယော၊၁၅း၁။ ၁း၁၈။ ၃း၃၅။ ၁၆း၁၅။ ၁၇း၁၀။

B. မှန်သောစပျစ်နွယ်ပင် - စကြဝဠာ၌ ဘုရားသခင်ပြုပြင်လုပ်ဆောင်ခြင်း၏အလယ်ဗဟို - သည် အသက်၏တိုးပွားပျံ့နှံ့ခြင်းနှင့် များပြားလာခြင်းအတွက် ဖြစ်သည် - ၁၅း၅၊ ၈၊ ၁၆။

C. အသက်ကို တိုးပွားပျံ့နှံ့စေရန်မှာ အသက်ကို ကျယ်ကျယ်ပြန့်ပြန့် ပျံ့နှံ့စေရန်ဖြစ်ပြီး၊ အသက်ကို များပြားစေရန်မှာ အသက်ကို ပွားများရန် ဖြစ်သည် - ၁၀း၁၀။ ၁၂း၂၄။ ၁၅း၁၆။

D. စပျစ်နွယ်ပင်၏အသက်သည် အကိုင်းအခက်များမှတစ်ဆင့် တိုးပွားပျံ့နှံ့ခြင်းနှင့် များပြားခြင်းအားဖြင့် ထင်ရှားသောအခါ၊ ခမည်းတော်သည် ဘုန်းထင်ရှားခြင်းရှိသည်၊ အကြောင်းမှာ အသက်၏ ကြွယ်ဝခြင်းများ၌ရှိသည့် ခမည်းတော်၏ဖြစ်ခြင်းသည် စပျစ်နွယ်ပင်၏တိုးပွားပျံ့နှံ့ခြင်းနှင့် များပြားလာခြင်း၌ ထင်ရှားလာသောကြောင့် ဖြစ်သည်။ ဤသည်မှာ ခမည်းတော်၏ဘုန်းထင်ရှားခြင်းဖြစ်သည် - အငယ်၊၄-၅၊ ၈။

**III. ကျွန်ုပ်တို့အားလုံးသည် စကြဝဠာဆိုင်ရာ စပျစ်နွယ်ပင်၏ အကိုင်းအခက်များ ဖြစ်ကြသည် ဟူသောအချက်ကို အပြည့်အဝ သိနားလည်ခြင်းအထဲသို့ ခေါ်ဆောင်ခံရရန် လိုအပ်သည်- ယော၊၁၅း၂၊၄-၅။**

A. ကျွန်ုပ်တို့သည် စပျစ်နွယ်ပင်က အကိုင်းဖြာထွက်ခြင်းအားဖြင့် စပျစ်နွယ်ပင်၏အကိုင်းအခက်များ၊ ခရစ်တော်၏အင်္ဂါဝင်များ ဖြစ်လာကြသည်။ ကျွန်ုပ်တို့သည် သခင်ယေရှု၌ ယုံကြည်သောအခါ၊ ကိုယ်တော်သည် ကျွန်ုပ်တို့အထဲသို့ အကိုင်းဖြာထွက်ခဲ့သည်-၃း၁၅။

B. ကျွန်ုပ်တို့သည် အကိုင်းအခက်တစ်ခု ဖြစ်သည် ဆိုသည်မှာ ခရစ်တော်သည် ကျွန်ုပ်တို့၏အသက်ဖြစ်လာခြင်းကို ဆိုလို

သည် - ကော၊၃း၄။

C. စပျစ်နွယ်ပင်ဖြစ်သော ခရစ်တော်သည် အကိုင်းအခက်များဖြစ်သော ကိုယ်တော်၏ယုံကြည်သူများအားဖြင့် အရာခပ်သိမ်းကို ပြုလုပ်သည်။ ကိုယ်တော်မပါဘဲ ကျွန်ုပ်တို့ မည်သည့်အရာမျှ မပြုလုပ်နိုင်သကဲ့သို့၊ ကျွန်ုပ်တို့မပါဘဲ ကိုယ်တော်သည် မည်သည့်အရာကိုမျှ မပြုလုပ်နိုင်ပါ။ ကျွန်ုပ်တို့သည် ကိုယ်တော်ကို လိုအပ်ပြီး၊ ကိုယ်တော်သည် ကျွန်ုပ်တို့ကို လိုအပ်သည် - ယော၊၁၅း၄-၅။

D. စကြဝဠာဆိုင်ရာ စပျစ်နွယ်ပင်၏အကိုင်းအခက်များအဖြစ် ကျွန်ုပ်တို့၏လမ်းဆုံးပန်းတိုင်မှာ ခမည်းတော်၏ဘုန်းထင်ရှားခြင်းအတွက် အသီးသီးရန် ဖြစ်သည်။ ဤဘုရားသခင်-သတ်မှတ်ထားသော လမ်းဆုံးပန်းတိုင်သည် ဘုရားသခင်၏ဓမ္မသစ်စီမံကိန်းကို သယ်ဆောင်ခြင်းအတွက် ဘုရားသခင်-စီမံခန့်ခွဲထားသောလမ်းကို လက်တွေ့လုပ်ဆောင်ခြင်းအားဖြင့် ပြည့်စုံသည် - ယော၊၁၅း၁၆။

## IV. စပျစ်နွယ်ပင်၌ရှိသော အကိုင်းအခက်များအဖြစ် ကျွန်ုပ်တို့သည် စပျစ်နွယ်ပင်၌ တည်နေရန် လိုအပ်သည် - ယော၊ ၁၅း၄-၅။

A. သခင်ဘုရား၌ ရှိခြင်းသည် ပေါင်းစည်းခြင်း၏ အကြောင်းအရာဖြစ်သည်။ သခင်ဘုရား၌ တည်ခြင်းသည် မိတ်သဟာယဖွဲ့ခြင်း၏အကြောင်းအရာ ဖြစ်သည် - ၁ကော၊၁း၉၊၃၀။

B. စပျစ်နွယ်ပင်ဖြစ်သော ခရစ်တော်၌ ကျွန်ုပ်တို့တည်နေခြင်းမှာ ကျွန်ုပ်တို့သည် စပျစ်နွယ်ပင်၌ရှိသော အကိုင်းအခက်များ ဖြစ်သည်ဟူသော ရှင်းလင်းသောရူပါရုံကို ကျွန်ုပ်တို့မြင်တွေ့ခြင်းအပေါ် မူတည်နေသည်။ ကျွန်ုပ်တို့သည် စပျစ်နွယ်ပင်၌ ရှိသောအကိုင်းအခက်များဖြစ်ကြောင်းကို ကျွန်ုပ်တို့ မြင်သည်နှင့်တစ်ပြိုင်နက်၊ ကျွန်ုပ်တို့နှင့် သခင်ဘုရားအကြားရှိ မိတ်သဟာယဖွဲ့ခြင်းကို ထိန်းသိမ်းထားရန် လိုအပ်သည် - ယော၊၁၅း၂။ ဓမ္မသီချင်း ၃၂၈ E#561။

C. ကျွန်ုပ်တို့သည် ရောနှောပေါင်းစည်းထားသောဝိညာဉ်၌ အသက်ရှင်ခြင်းအားဖြင့် စပျစ်နွယ်ပင်ဖြစ်သော ခရစ်တော်၌ တည်နေကြသည် - ယော၊၁၅း၄-၅။ ၁ကော၊၆း၁၇။

D. စပျစ်နွယ်ပင်နှင့် ကွာလျှင်၊ ကျွန်ုပ်တို့သည် ဘာမျှမဟုတ်ကြပါ၊ ဘာမျှ မရှိကြပါ၊ အဘယ်အမှုကိုမျှ မတတ်နိုင်ကြပါ - ယော၊၁၅း၅ခ။

E. အကိုင်းအခက်များသည် စပျစ်နွယ်ပင်၌ တည်သောအခါမှသာ စပျစ်နွယ်ပင်သည် သူတို့အဖို့ အရာအားလုံး ဖြစ်နိုင်သည်။

## V. ကျွန်ုပ်တို့သည် ခရစ်တော်၌ တည်နေကြခြင်းမှာ ခရစ်တော်ကို ချစ်ခြင်းအားဖြင့် ခရစ်တော်သည် ကျွန်ုပ်တို့၌ တည်နေစေခြင်းငှာ ဖြစ်သည် - ယော၊၁၄း၂၁၊ ၂၃။

A. ကျွန်ုပ်တို့သည် သခင်ယေရှုကို ချစ်သောအခါ၊ ကိုယ်တော်သည် မိမိကိုယ်တော်တိုင်ကို ကျွန်ုပ်တို့အား ထင်ရှားတော်မူ၍၊ ခမည်းတော်သည် ကိုယ်တော်နှင့်အတူ ကြွလာပြီး ကျွန်ုပ်တို့၏မွေ့လျော်ဝမ်းမြောက်မှုအတွက် ကျွန်ုပ်တို့နှင့်အတူ နေစရာကို ပြုလုပ်မည်ဖြစ်သည်။ ဤနေစရာသည် အပြန်အလှန်နေထိုင်ရာနေရာဖြစ်ပြီး၊ သုံးပါးတစ်ပါးဘုရားသည် ကျွန်ုပ်တို့၌ တည်နေ၍၊ ကျွန်ုပ်တို့သည် ကိုယ်တော်၌ တည်နေကြသည် - အငယ်၊၂၃။

B. ကျွန်ုပ်တို့သည် သခင်ဘုရားကို ပို၍ချစ်လေလေ၊ ကျွန်ုပ်တို့တွင် ကိုယ်တော်၏မျက်မှောက်တော် ပို၍ရှိလေလေဖြစ်ကာ၊ ကျွန်ုပ်တို့သည် ကိုယ်တော်၏မျက်မှောက်တော်၌ ပို၍ရှိလေလေ၊ ကျွန်ုပ်တို့အတွက် ကိုယ်တော်ဖြစ်သောအရာအားလုံးကို မွေ့လျော်ဝမ်းမြောက်ရလေလေဖြစ်သည် - ၁ကော၊၂း၉-၁၀။ ဧ၊၆း၂၄။

## VI. ကျွန်ုပ်တို့သည် ခရစ်တော်၌ တည်နေကြခြင်းမှာ ကျွန်ုပ်တို့ပြင်ပရှိ ကျမ်းစာ၏အမြဲတည်သောစကားတော်နှင့် လည်းကောင်း၊ ကျွန်ုပ်တို့အတွင်းရှိ ဝိညာဉ်တော် တည်းဟူသော ယခုမျက်မှောက်စကားတော်နှင့်လည်းကောင်း ဆက်ဆံဖြေရှင်းခြင်းအားဖြင့် ခရစ်တော်သည် ကျွန်ုပ်တို့၌ တည်နေစေခြင်းငှာ ဖြစ်သည် - ယော၊၅း၃၉-၄၀။ ၆း၆၃။ ၂ကော၊၃း၆။ ဗျာ၊၂း၇။

A. အပြင်ပိုင်း ရေးသားထားသောစကားတော်အားဖြင့် ကျွန်ုပ်တို့သည် နက်နဲသောသခင်၏ရှင်းလင်းချက်၊ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ဖော်ပြချက်တို့ကို ရရှိပြီး၊ အတွင်းပိုင်း အသက်ရှင်သောစကားတော်အားဖြင့် ကျွန်ုပ်တို့သည် တည်နေသော ခရစ်တော်၏အတွေ့အကြုံနှင့် လက်တွေ့ကျသော သခင်၏မျက်မှောက်တော်ကို ရရှိကြသည် - ဧ၊၅း၂၆။ ၆း၁၇-၁၈။

B. ကျွန်ုပ်တို့သည် သခင်ဘုရား၏အမြဲတည်သောစကားတော်နှင့် ရေးသားထားသောစကားတော်၌ တည်နေမည်ဆိုလျှင်၊ ကိုယ်

တော်၏ချက်ချင်းဖြစ်သော အသက်ရှင်သောစကားတော်သည် ကျွန်ုပ်တို့၌ တည်နေမည်ဖြစ်သည် - ယော၊၈း၃၁။ ၁၅း၇။ ၁ယော၊၂း၁၄။

**VII. မှန်သော စပျစ်နွယ်ပင်ဖြစ်သော သခင်ဘုရား၌ တည်နေရန်မှာ ကိုယ်တော်၏ မေတ္တာတော်၌ တည်နေရန် ဖြစ်သည် - ယော၊ ၁၅း၉-၁၀။**

A. "သင်တို့သည် အချင်းချင်းတစ်ယောက်ကို တစ်ယောက်ချစ်ကြလော့။ ငါသည် သင်တို့ကိုချစ်သည့်နည်းတူ အချင်းချင်း ချစ်ကြလော့ဟု ပညတ်သစ်ကို ငါပေး၏။ သင်တို့သည် အချင်းချင်းချစ်ကြလျှင်၊ သင်တို့သည် ငါ၏တပည့်ဖြစ်ကြောင်းကို လူအပေါင်းတို့သည် သိရကြလိမ့်မည်ဟု မိန့်တော်မူ၏" - ယော၊၁၃း၃၄-၃၅။

1. ကျွန်ုပ်တို့သည် အချင်းချင်းချစ်ကြလျှင်၊ ကျွန်ုပ်တို့သည် သခင်ဘုရား၏တပည့်ဖြစ်ကြောင်းကို လူတို့အား ပြောပြရန် မလိုအပ်ပေ။ လောကီသားတို့သည် ၎င်းကို သိရှိကြလိမ့်မည်။
2. ကျွန်ုပ်တို့သည် အချင်းချင်း သိကျွမ်းခြင်းမရှိပါက၊ အချင်းချင်း ချစ်နိုင်မည်မဟုတ်ပါ။ ကျွန်ုပ်တို့သည် သင့်လျော်မှန်ကန်သောနည်းလမ်းဖြင့် အချင်းချင်း ပို၍ သိကျွမ်းလာလေလေ၊ အချင်းချင်း ပို၍ချစ်လာလေလေ ဖြစ်သည်။

B. "ငါ့ပညတ်ဟူမူကား၊ ငါသည် သင်တို့ကို ချစ်သည့်နည်းတူ၊ သင်တို့သည် အချင်းချင်းချစ်ကြလော့။ . . . သင်တို့သည် အချင်းချင်းချစ်စေခြင်းငှာ ဤပညတ်တို့ကို ငါပေး၏" - ၁၅း၁၂၊ ၁၇ နှင့် မှတ်စု ၁။

1. ဤသည်မှာ သခင်ဘုရား၏အသက်၊ ဘုရားဆိုင်ရာအသက်၊ သခင်ဘုရား၏ မေတ္တာနှင့် အသီးသီးရန် ကိုယ်တော်၏ လွှဲအပ်ခန့်ထားခြင်း၌ အချင်းချင်းချစ်ကြရန်ဖြစ်သည်။
2. အသက်သည် အရင်းအမြစ်ဖြစ်၍၊ ချစ်ခြင်းမေတ္တာသည် အခြေအနေဖြစ်ကာ၊ အသီးသီးခြင်းသည် ပန်းတိုင်ဖြစ်သည်။ အကယ်၍ ကျွန်ုပ်တို့အားလုံးသည် အရင်းအမြစ်တည်းဟူသော သခင်ဘုရား၏ အသက်အားဖြင့်၊ အခြေအနေတည်းဟူသော သခင်ဘုရား၏မေတ္တာ၌၊ ပန်းတိုင်တည်းဟူသော အသီးသီးခြင်းအတွက် အသက်ရှင်မည်ဆိုလျှင်၊ ကျွန်ုပ်တို့သည် အမှန်တကယ်ပင် အချင်းချင်းချစ်ကြလိမ့်မည် ဖြစ်သည်။

C. "ညီအစ်ကိုချင်း ချစ်ခြင်း၌ နွေးထွေးစွာဖြင့် တစ်ယောက်ကို တစ်ယောက် ချစ်ကြလော့" - ရော၊၁၂း၁၀က။

**VIII. ထိရောက်သောဆုတောင်းခြင်းသည် စပျစ်နွယ်ပင်တည်းဟူသော သခင်ဘုရား၌ ကျွန်ုပ်တို့တည်နေခြင်းနှင့် ကိုယ်တော်၏စကားတော်များ ကျွန်ုပ်တို့၌တည်နေခြင်းမှ ထွက်ပေါ်လာသောရလဒ် ဖြစ်သည် - ယော၊၁၅း၇။**

A. ဆုတောင်းခြင်း ဆိုသည်မှာ လူက ဘုရားသခင်နှင့်အတူ ပူးပေါင်းခြင်းနှင့် အတူလုပ်ဆောင်ခြင်းဖြစ်ပြီး၊ ဘုရားသခင်အား မိမိကိုယ်ကို လူမှတစ်ဆင့် ဖော်ပြခွင့်ပြုကာ၊ ဤသို့အားဖြင့် ကိုယ်တော်၏အကြံအစည်တော်ကို ပြီးမြောက်စေခြင်းဖြစ်သည်။ ဆုတောင်းသောသူတစ်ဦးသည် ဘုရားသခင်နှင့်အတူ ပူးပေါင်းခြင်း၊ ဘုရားသခင်နှင့်အတူ လုပ်ဆောင်ခြင်းနှင့် ဘုရားသခင်ကိုယ်တော်တိုင်နှင့် ကိုယ်တော်၏အလိုဆန္ဒကို မိမိအတွင်းမှတစ်ဆင့် ဖော်ပြခွင့်ပြုခြင်း ရှိလိမ့်မည်ဖြစ်သည် - ရော၊ ၈း၂၆-၂၇။ ယာ၊၅း၁၇။

1. ဆုတောင်းခြင်းသည် လူနှင့် ဘုရားသခင်အကြား စီးဆင်းခြင်းနှင့် လူနှင့် ဘုရားသခင်အကြား အပြန်အလှန် ဆက်သွယ်ခြင်းဖြစ်သည်။
2. ကျွန်ုပ်တို့သည် သခင်ဘုရားနှင့် ထိတွေ့ဆက်သွယ်ခြင်းအထဲသို့ ကျွန်ုပ်တို့ကို ခေါ်ဆောင်သွားမည့် ဆုတောင်းခြင်းမျိုး၊ ကျွန်ုပ်တို့ကို ဝိညာဉ်၌ ကိုယ်တော်နှင့်တစ်လုံးတစ်ဝဖြစ်စေမည့် ဆုတောင်းခြင်းမျိုးကို လိုအပ်သည်- ၂တိ၊၄း၂၂။ ၁ကော၊ ၆း၁၇။

B. ကျွန်ုပ်တို့သည် သခင်ဘုရား၌ တည်ပြီး၊ ကိုယ်တော်၏စကားတော်များသည် ကျွန်ုပ်တို့၌ တည်သည့်အခါ၊ ကိုယ်တော်၏စကားတော်များမှ ထွက်လာသည့် အလိုဆန္ဒသည် ကျွန်ုပ်တို့၌ ရှိလာလိမ့်မည်ဖြစ်သည် - ယော၊၁၅း၇။ ၁ယော၊၅း၁၄-၁၅။

1. ကျွန်ုပ်တို့သည် သခင်ဘုရား၏ခံစားချက်ကို ထိတွေ့ပြီး၊ ကိုယ်တော်၏ရည်ရွယ်ချက်ကို နားလည်ကြမည်ဖြစ်သည်။ ထိုအခါ အလိုအလျောက်ပင် ကျွန်ုပ်တို့၌ ကိုယ်တော်၏အလိုဆန္ဒ ရှိလာလိမ့်မည်ဖြစ်သည်။
2. ကိုယ်တော်၏အလိုဆန္ဒသည် ကျွန်ုပ်တို့၏အလိုဆန္ဒဖြစ်လာပြီး၊ ကိုယ်တော်အလိုရှိသောအရာသည် ကျွန်ုပ်တို့အလိုရှိသောအရာဖြစ်လာကာ၊ ကျွန်ုပ်တို့သည် ဤအလိုဆန္ဒအတိုင်း ဆုတောင်းကြမည်ဖြစ်သည်။

3. သခင်ဘုရားသည် ဤကဲ့သို့သော ဆုတောင်းခြင်းမျိုးကို အဖြေပေးတော်မူမည် ဖြစ်သည်၊ အကြောင်းမှာ ၎င်းသည် သခင်ဘုရား၌ ကျွန်ုပ်တို့တည်နေခြင်းနှင့် ကိုယ်တော်၏စကားတော်များ ကျွန်ုပ်တို့၌ တည်နေခြင်းမှ ထွက်ပေါ်လာသော ကြောင့် ဖြစ်သည်။

## IX. ခရစ်ယာန်အသက်တာသည် သခင်ဘုရား၌ တည်နေသောအသက်တာ ဖြစ်သည် - ၁ယော၊၂း၆၊၂၇-၂၈။ ၃း၂၄။ ၄း၁၃၊၁၅။

A. ကျွန်ုပ်တို့သည် ခရစ်တော်၌ တည်နေသရွေ့ စံချိန်မီ ခရစ်ယာန်အသက်တာ၏ အခြားအတွေ့အကြုံများ အလိုအလျောက် လိုက်လာမည်ဖြစ်သည်။ ကျွန်ုပ်တို့၏ တုနှိုင်းရာမဲ့သောလိုအပ်ချက်မှာ ခရစ်တော်၌ တည်နေရန်ဖြစ်သည် - ယော၊၁၅း၄-၅။

1. တည်နေခြင်း၌၊ တည်နေခြင်းအားဖြင့် ကျွန်ုပ်တို့သည် စစ်မှန်သော သန့်ရှင်းခြင်း၊ ဝိညာဉ်ရေးရာရှိခြင်းနှင့် အပြစ်၊ လောက၊ စာတန်၊ ကျွန်ုပ်တို့၏အသွေးအသားနှင့် အတ္တအပေါ် အောင်နိုင်ခြင်းတို့ကို ရရှိကြသည်။ တည်နေခြင်း၌၊ တည်နေခြင်းအားဖြင့် ကျွန်ုပ်တို့သည် ခရစ်တော်ကိုယ်ခန္ဓာတော်၏ လက်တွေ့ကျသောအင်္ဂါဝင်များ ဖြစ်လာကြသည်။ တည်နေခြင်း၌၊ တည်နေခြင်းအားဖြင့် ကျွန်ုပ်တို့သည် စံချိန်မီ ခရစ်ယာန်အသက်တာနှင့် အသင်းတော်အသက်တာကို အသက်ရှင်ကြသည်။

2. ကျွန်ုပ်တို့သည် စပျစ်နွယ်ပင်၌ တည်နေသောအခါ၊ ကျွန်ုပ်တို့၌ ပြဿနာများ မရှိတော့ပါ၊ အကြောင်းမှာ ကျွန်ုပ်တို့သည် ရန်သူအားလုံးကို အောင်နိုင်တော်မူခဲ့ပြီး၊ အနုတ်လက္ခဏာအရာအားလုံးကို ဆက်ဆံဖြေရှင်းခဲ့သော ဘုရားသခင်၏သားတော်နှင့် တစ်လုံးတစ်ဝတည်း ဖြစ်နေသောကြောင့် ဖြစ်သည်။ ကျွန်ုပ်တို့သည် သခင်ဘုရား၌ တည်နေသောအခါ၊ ကျွန်ုပ်တို့သည် ဘာမျှမလိုတော့ပါ၊ ကိုယ်တော်ပြီးမြောက်ခဲ့သောအရာကို မွေ့လျော်ဝမ်းမြောက်ခြင်းမှလွဲ၍ အခြားဘာမျှ လုပ်ဆောင်ရန် မလိုအပ်ပါ။ အဘယ်ကြောင့်ဆိုသော် ကိုယ်တော်နှင့်တစ်လုံးတစ်ဝတည်း ဖြစ်နေသည့်အခါ၊ ကိုယ်တော်ပြီးမြောက်ခဲ့သော အရာအားလုံးသည် ကျွန်ုပ်တို့၏အတွေ့အကြုံဖြစ်လာသောကြောင့် ဖြစ်သည်။

B. "ခရစ်တော်၌ တည်နေလော့-ဤအမြင့်ဆုံးသောကောင်းချီးကို ရယူလော့၊/ နေ့ရက်တိုင်း ကိုယ်တော်နှင့်အတူ ချိုမြိန်သော မိတ်သဟာယကို ထိန်းသိမ်းလော့။/ တည်နေခြင်းအားဖြင့်၊ ကိုယ်တော်နှင့် ကျွန်ုပ်တို့သည် တစ်လုံးတစ်ဝတည်း ပေါင်းစည်း ဆက်နွယ်ကြသည်၊/ အမြဲမပြတ် မိတ်သဟာယဖွဲ့ခြင်း၌ အတားအဆီးအားလုံး ပျောက်ကွယ်ပြီ" —The Collected Works of Witness Lee, Bible Notes & Hymns, vol. 4, p. 443.